**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၄၅/ ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

( ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက် )

**အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအပေါ်ဂမ်ဘီယာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ တရားရင်ဆိုင်ရေးကိစ္စရပ်များတွင် တာဝန်ယူကွပ်ကဲနိုင်ရေးအတွက် **"အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ"** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝဏ္ဏမောင်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုလှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာသီတာဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဝင်းရှိန်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း အဖွဲ့ဝင်
စစ်ရေးချုပ်
စစ်ရေးချုပ်ရုံး

(ဆ) ဦးကျော်မျိုးထွဋ်ဋ် အတွင်းရေးမှူး
ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဇ) ဒေါ်ခင်ဦးလှိုင် တွဲဖက်အတွင်းရေးမှူး
အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့

၂။ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဦးဆောင်ကော်မတီသည် လိုအပ်သောမူဝါဒများကို ချမှတ်ပေးရမည်၊

(ခ) ဦးဆောင်ကော်မတီသည် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်၊

(ဂ) ဦးဆောင်ကော်မတီသည် Provisional Measures – PM နှင့်ပတ်သက်သည့် အစီရင်ခံစာကို သတ်မှတ်ချိန်များအတွင်း တင်ပြနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ဃ) ဦးဆောင်ကော်မတီသည် အစီရင်ခံစာရေးသားရာတွင် လိုအပ်သောအချက်အလက်များ ရရှိရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရမည်၊

(င) ဦးဆောင်ကော်မတီ၏ လိုအပ်သောအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် အသုံးစရိတ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ကျခံရမည်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၁ - ၂ - ၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇ / ၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ